ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေရေးရာဝန်ကြီးဌာန
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန

စာအမှတ်၊ ၄(၄) / ၁-၂ / (၂၆)
ရက်စွဲ ၊ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်

အကြောင်းအရာ။ **၂၀၂၃ ခုနှစ် ဥပဒေများ စာအုပ်ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရေးအတွက် ဈေးနှုန်းများ တင်သွင်းရန်ကိစ္စ**

၁။ ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေမည့် ၂၀၂၃ ခုနှစ် ဥပဒေများစာအုပ် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရေးအတွက် ဈေးနှုန်းများကို (၇ - ၃ - ၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုံနှိပ်မည့်စာအုပ် အရွယ်အစား — ၉ လက်မ × ၇ လက်မ

(ခ) စာမျက်နှာ — (၁၁၀၉) မျက်နှာ

(ဂ) အတွင်းသားစက္ကူ — ဝူဖရီ အင်ဒိုနီးရှား(၇၀)ဂရမ် (I-K အမှတ်တံဆိပ်)၊

(ဃ) အဖုံးစက္ကူ — Art card (၃၅၀)ဂရမ် ၊ ကတ္တူဖုံး၊ (ပလပ်စတစ်လောင်း၊တစ်ဘက်အပြောင်)

(c) စာအုပ်အရေအတွက် — အုပ်ရေ (၃၀၀၀)

(စ) စာအုပ်ချုပ်ပုံ — စက်ကော်ကပ်ချုပ်၊Art card ပတ်ဖုံး

(ဆ) သတ်မှတ်ချက် — ဥပဒေရေးရာဝန်ကြီးဌာနမှထုတ်ဝေခဲ့သောစာအုပ်များကို ယခင်က ပုံနှိပ်ခဲ့ဖူးသူဖြစ်ပါက စာအုပ်အပ်နှံရာတွင် စရန်ငွေတစ်ဝက်ပေးမည်ဖြစ်ပြီး ပုံနှိပ်တိုက်အသစ်ဖြစ်ပါက စာအုပ်များကိုပုံနှိပ်အပ်နှံလက်ခံရရှိပြီးမှသာ ကျသင့်ငွေအားလုံးကို ပေးချေမည်ဖြစ်ပါသည်။

(ဇ) ဖလင် — ဥပဒေရေးရာဝန်ကြီးဌာနက ဖလင်ရိုက်ရန် စာမူ Hard Copy နှင့် Soft Copy ပေးမည်ဖြစ်ပြီး နမူနာစာအုပ် ၅ အုပ်ကို ကနဦးထုတ်ပေးရမည်။ နမူနာစာအုပ်များကို စိစစ်ပြီး ပြင်ဆင်ရန်ရှိသည်များကို ထပ်မံပြင်ဆင်ပြီးသည့် Hard Copy နှင့် Soft Copy တို့ကိုသာ ပုံနှိပ်ပေးရမည်ဖြစ်သည်။ ပုံနှိပ်ပြီးသည့် ဖလင်အားလုံး၊ Hard Copy နှင့်